## APPELLATE CIVIL.

လွှတ်တော်တရားဝန်ကြီးချုပ် ဦးသိမ်းမောင်နှင့် လွှတ်တော်တရားဝန်ကြီး ဦးစံမောင်၊ ရှေ့။

၁၉၄၈ ခုနှစ်၊

မေလ ၅ ရက်။

# ဧဝဘာသိန်း၊ တရားမဝန်ထောက်နှင့် ပဋ္ဌမအထူး တရားသူကြီး၊ သထုံမြို့

# နှင့်

# ဦးကိုကိုလေး၊ အယ်ဒီတာနှင့် ထုတ်ဝေသူ၊ ဗမာ့ခေတ်သတင်းစာ၊ ရန်ကုန်မြို့။*

တရားရုံးတော်များကို မထီမဲ့မြင်ပြုလုပ်ခြင်း၊ အက်ဥပဒေ ပုဒ်မ ၃—သတင်းစာ ပုံနှိပ်ထုတ်ဝေသူနှင့် အယ်ဒီတာ၏ တာဝန်ဝတ်တရား—သတင်းရေး၍ပို့သော သတင်းထောက်၏ တာဝန်ဝတ်တရား။

ရုံးတော်ကို မထီမဲ့မြင်ပြုရာရောက်သော အပြုအမူ၊ အပြောအဆို၊ အရေးအသားကို သတင်းစာတွင် ထည့်သွင်းဘော်ပြသော်၊ သတင်းရေး၍ပို့သော သတင်းထောက်မှာလည်း အပြစ်ရှိ၏။ ထည့်သွင်းဘော်ပြသော သတင်းစာအယ်ဒီတာနှင့် ပုံနှိပ်ထုတ်ဝေသူမှာလည်း အပြစ်ရှိ၏။

အယ်ဒီတာနှင့် ပုံနှိပ်ထုတ်ဝေသူက၊ မိမိသည် စက်ဆိုင်ရာတရားသူကြီးကို သိပင်မသိခဲ့ပါ။ သူ၏အပေါ်တွင် မကောင်းသောစိတ်စေတနာမရှိခဲ့ပါ။ သတင်းထောက်က ရေးသား ပေးပို့လိုက်၍သာ၊ သဘောရိုးနှင့် မှန်လိမ့်မည်ထင်ပြီး အမှတ်တမဲ့ ထည့်လိုက်မိပါသည်ဟု ထုချေသော်လည်း၊ အပြစ်ဒဏ်မှ မလွတ်နိုင်ချေ။ (ဘုရင်ကေရာဇ်နှင့် မောင်တင်စောနှင့် အခြားတယောက်၊ I.L.R. 6 Ran. 43.)

**လွှတ်တော်တရားဝန်ကြီးချုပ်ဦးသိမ်းမောင် နှင့် တရားဝန်ကြီးဦးစံမောင်။**

ဤအမှုသည် ၁၃၀၉ ခုနှစ်၊ တပေါင်းလဆုတ် ၁၃ ရက် (၁၉၄၈ ခု၊ မတ်လ ၇) ရက်နေ့ထုတ် ဗမာ့ခေတ်သတင်းစာတွင်၊ " ဆွဲချတော့ မတင်တာ ပေါ့ဗျာ " ဟူသော ခေါင်းစဉ်ဖြင့် ထည့်သောစာတွင် ပါရှိသော အပိုဒ်သုံးပိုဒ် အတွက် ရုံးတော်များကို မထီမဲ့မြင် ပြုလုပ်ခြင်း အက်ဥပဒေ (Contempt of Courts Act) ပုဒ်မ ၃ အရ၊ မည်သည့်အတွက် အပြစ်ဒဏ် မပေးထိုက်ကြောင်း အကြောင်းပြ၍ ထုချေရှင်းလင်းရန်၊ ဗမာ့ခေတ်သတင်းစာ ပုံနှိပ်ထုတ်ဝေသူနှင့် အယ်ဒီတာကို ဆင့်ဆို၍ထားသောအမှုဖြစ်သည်။

* Civil Misc. Application No. 13 of 1948.

၁၉၄၈ ခုနှစ်၊

စောဘသိန်း၊ တရားမဝန်ထောက်နှင့် ပဌမ အထူးတရားသူကြီး၊ သထုံမြို့ နှင့် ဦးကိုကိုလေး၊ အယ်ဒီတာ နှင့် ထုတ်ဝေသူ၊ ဗမာ့ခေတ် သတင်းစာ၊ ရန်ကုန်မြို့။

ထိုဥပဒေနယ်အတွင်း သက်ဆင်းကျရောက်သော စာပိုဒ်များမှာ—

(က) "အင်္ဂလိပ်ခေတ်သို့ရောက်ပြန်ရာ၊ ဒေါ်ရင်မေက မိမိပိုင်အိမ်ကို ပြန်၍ရွေး လိုကြောင်းဖြင့်၊ ဦးစောဘသိန်းရုံးတွင် လျှောက်ထားရာ၊ အမှုကိုလက်ခံ ပြီးမှ ဒေါ်ရင်မေမှာငွေမရှိ၍၊ အိမ်ကိုပြန်ရွေးယူနိုင်မည်မဟုတ်ဟု ဆိုပြီး အမှုကိုပိတ်လိုက်သဖြင့် ရွေးရန်အသင့်ပြင်လျက် မရွေးနိုင်အောင်လုပ်ထား ကြောင်း။"

(ခ) "တရားမရုံးမှလည်း ၂၄ နာရီအတွင်း အိမ်ပေါ်မှဆင်းပေးရန်ကို၊ နို့တစ် ပေးပြီး အတင်းဆွဲချရာ။"

(ဂ) "အဆိုပါအိမ်ကို အတင်းရိုက်ဖွင့်ပြီး တော်လှန်ရေးအလံလွှင့်ထူ၍ မူလ အိမ်ပိုင်ရှင်ကိုပြန်၍တင်ပြီးလျှင်၊ ခုနရှင်အလိုကျဖန်တီး ပြုမူသည့် ဖက်ဆစ် ဆန်သည့် တရားမရုံးနှင့် ဘီးလစ်တို့ကို အလိုမရှိဆို'ခါ။"

(က) နှင့် (ခ) စာပိုဒ်များသည် လုံးဝမမှန်ချေ။ စာပိုဒ် (က) တွင် ရည်ညွှန်းသောအမှုသည် သထုံမြို့တရားမဝန်ထောက်ရုံး၊ ၁၉၄၆ ခုနှစ်၊ တရားမ ကြီးမှု အမှတ် ၁၅ ဖြစ်သည်။ တရားမဝန်ထောက် ဦးစောဘသိန်းက ထိုအမှုကို အပြီးတိုင်ကြားနာစစ်ဆေးပြီးမှ၊ သက်သေထွက်ချက်များနှင့်ဥပဒေအရ၊ ဒေါ်ရင်မေ ပါနှစ်ဦးကို အရှုံးပေး၍၊ စီရင်ချက်နှင့် ဒီဂရီချမှတ်လိုက်သည်။ ထိုစီရင်ချက်နှင့် ဒီဂရီကိုမကျေနပ်၍ ဒေါ်ရင်မေပါ နှစ်ဦးက သထုံစီရင်စုတရားမရုံးတော်သို့ အယူခံ ဝင်ရာ၊ သူတို့၏အယူခံမှုကို ထိုရုံးတော်က ၁၉၄၇ ခုနှစ်၊ ဩဂုတ်လ ၂၀ ရက် နေ့တွင် စရိတ်နှင့်တကွ ပလပ်ခဲ့၏။ (သထုံစီရင်စုတရားမရုံးတော် ၁၉၄၇ ခုနှစ်၊ တရားမအယူခံမှု အမှတ် ၁၉ ကိုကြည့်ပါ။)

စာပိုဒ် (ခ) တွင် ရည်ညွှန်းထားသောအမှုသည် သထုံတရားမဝန်ထောက် ရုံး၊ ၁၉၄၇ ခုနှစ်၊ ဇာရီမှု အမှတ် ၂၀ ဖြစ်၏။ ထိုအမှုမှာ ဒေါ်ခင်နှီသည် ၁၉၄၁ ခုနှစ်၊ နိုဝင်ဘာလ ၂၄ ရက်နေ့ကပင်၊ ဒေါ်ရင်မေပါနှစ်ဦး၏အပေါ်တွင် ရရှိထားသောဒီဂရီကို ဇာရီပြုလုပ်ရန် လျှောက်ထားသော အမှုဖြစ်၏။ ထိုဒီဂရီ အရ ဒေါ်ရင်မေပါ နှစ်ဦးသည် မြေရာယာကွက်နှင့် ထိုမြေရာပေါ်ရှိ အဆောက် အဦးများကို ဒေါ်ခင်နှီအား ပေးအပ်ရမည်ဖြစ်ခဲ့၏။ သို့ပါလျက် ထိုဒီဂရီကျပြီး သည့်နောက် စစ်ကြီးဖြစ်သည့်အတွက်၎င်း၊ ဒေါ်ရင်မေပါနှစ်ဦးတို့က ဒေါ်ခင်နှီ၏ အပေါ်တွင်အထက်တွင်ဖော်ပြခဲ့သောတရားမကြီးမှုအမှတ် ၁၅ ကိုစွဲ၍နေခဲ့သည့် အတွက်၎င်း၊ ဒေါ်ခင်နှီသည်ထိုမြေရာကွက်နှင့်အဆောက်အဦးများကို လက်ရောက် မရဘဲနေခဲ့၏။ သို့အတွက် ဒေါ်ခင်နှီသည် ထိုမြေရာကွက်နှင့်အဆောက်အဦးများ ကို မိမိအား တရားမကျင့်ထုံးအမိန့် ၂၁၊ နည်းဥပဒေ ၃၅ နှင့် ၃၆ အရ၊ အပ် ပေးပါရန်၊ အဆိုပါဇာရီမှုတွင် လျှောက်ထားခဲ့ရ၏။ ဒေါ်ခင်နှီသည် ထိုလျှောက်

၁၉၄၈ ခုနှစ်၊
——
စော ဘ သိန်း၊ တရား မ ဝန် ထောက်နှင့် ပ၅ မ အထူး တရား သူကြီး၊ သထုံမြို့ နှင့် ဦးကို ကို လေး၊ အယ်ဒီတာ နှင့် ထုတ် ဝေ သူ၊ ဗမာ့ ခေတ် သ တင်း စာ၊ ရန် ကုန်မြို့။

လွှာကို ၁၉၄၇ ခုနှစ်၊ ဒီဇင်ဘာလ ၆ ရက်နေ့တွင်တင်ခဲ့၏။ သို့ရာတွင် ဒေါ်ရင်မေ၏ရှေ့နေက ရက်ဆိုင်းရန် တောင်းဆိုခဲ့သည့်အတိုင်း၊ ရုံးတော်က လိုက်လျောပြီး ရက်ဆိုင်းထပ်ခါထပ်ခါ ခြောက်ကြိမ်တိုင်တိုင်ပေးခဲ့ပြီး၊ ၁၉၄၈ ခု၊ ဖေဖေါ်ဝါရီလ ၁၄ ရက်နေ့တွင်မှ ထိုမြေရာကွက်နှင့်အဆောက်အဦးများကိုပေးအပ်ရန် ဝရမ်းကို ထုတ်ပေးရန် အမိန့်ချမှတ်ခဲ့၏။ ထိုအမိန့်မှာလည်း ၂၄ နာရီအတွင်း ပေးအပ်ရန်မဟုတ်၊ နောက် ၁၄ ရက်အကြာ ၁၉၄၈ ခု၊ ဖေဖေါ်ဝါရီလ ၂၈ ရက်နေ့ကျမှသာ ပေးအပ်ရန်ဖြစ်သည်။

သို့ဖြစ်၍ စာပိုဒ် (က) နှင့် (ခ) ပါ စွပ်စွဲချက်များသည်၊ မမှန်သောစွပ်စွဲချက်များဖြစ်သည်။ ထိုမှတပါး၊ ၎င်းတို့သည် တရားရုံးတော်၏ ဂုဏ်ကြက်သရေကို ထိခိုက်သော တရားရုံးတော်၏အပေါ်တွင်၊အထင် အမြင်မှားယွင်းသေးသိမ်စေနိုင်သော စွပ်စွဲချက်များ ဖြစ်သည်။ တရားရုံးတော်၊ သို့မဟုတ် တရားသူကြီးကို အထင်အမြင် သေးသိမ်စေနိုင်သော၊ သို့မဟုတ် ၎င်းတို့၏ ဂုဏ်တန်ခိုးကို နိမ့်ကျစေနိုင်သော၊ သို့မဟုတ် တရားဖြောင့်မှန်ရေးကို နှောင့်ယှက်နိုင်သော၊ သို့မဟုတ် တရားသဖြင့်ထုတ်သောအမိန့်ဆင့်စာ၊ ဝရမ်း စသည်တို့ကို အတည်ပြုရာတွင်နှောင့်ယှက်နိုင်သော အပြုအမူ အပြောအဆို အရေးအသားသည် ရုံးတော်ကိုမထီမဲ့မြင်ပြုခြင်း ပြစ်မှုဖြစ်၏။ (" Any act done or writing published which is calculated to bring a Court or a Judge into contempt, or to lower his authority, or to interfere with the due course of justice or the lawful process of the Court, is a contempt of Court"—Halsbury's Laws of England, 2nd Edition, Volume 7, pages 6-7.) တရားရုံးတော်၏ဂုဏ်ကြက်သရေကိုထိပါးသော၊သို့မဟုတ် တရား ဖြောင့်မှန်ရေးလမ်းစဉ်ကို နှောင့်ယှက် နိုင်သော အရေး အသား၊ အပြောအဆို အားလုံး ရုံးတော်ကို မထီမဲ့မြင် ပြုခြင်းများဖြစ်သည်။ (All publications which offend against the dignity of the Court or are calculated to prejudice the course of justice constitute contempts—Oswald's Contempt of Court, 3rd Edition, page 91.)

စာပိုဒ် (ဂ) တွင် ပါရှိသည့်အတိုင်း၊အခြားသူများပြုလုပ်ခဲ့ကြပေါင်း ပြုလုပ်ခဲ့ကြပေလိမ့်မည်။ ပြောဆိုခဲ့ကြကောင်း ပြောဆိုခဲ့ကြလိမ့်မည်။ သို့ရာတွင်တရားမရုံးတရုံးကို " မနေ့ရှင်အလိုကျ ဖန်တီး ပြုမူသည့်၊ ဖက်စစ် ဆန်သည့် တရားမရုံး " ဟုဆိုလျှင်၊ထိုရုံးသည် အဂတိ တရားလိုက်စားသော ရုံးဟုဆိုရာ ကျသဖြင့်၊ ဆိုသူသည်တရားရုံးတော်ကို မထီမဲ့မြင်ပြုခြင်းပြစ်မှုကို ကျူးလွန်သူဖြစ်၏။ ထိုသူပြောဆိုသောစကားကို တဆင့်ပြောကြားသော၊ သတင်းဖြန့်သော သူသည်လည်း ထိုသူကဲ့သို့ပင် ထိုပြစ်မှုကိုကျူးလွန်သောသူဖြစ်၏။ ရုံးတော်၏ ဂုဏ်ကြက်သရေကို

ထိခိုက်သော စကားပင်ဖြစ်သော်လည်း၊ တပါးသူ ပြောဆိုခဲ့၍ မိမိက တဆင့်ပြောကြားရေးသားခြင်းမျှသာဖြစ်ပါသည်ဟုဆိုသော်လည်း အပြစ်ဒဏ်မှမလွတ်နိုင်ချေ။

ရုံးတော်ကိုမထီမဲ့မြင်ပြုရာရောက်သော အပြုအမူ အပြောအဆိုအရေးအသားကို သတင်းစာတွင် ထည့်သွင်း ဖော်ပြသော်၊ သတင်းရေးချုပ်သော သတင်းထောက်မှာလည်း အပြစ်ရှိ၏။ ထည့်သွင်းဖော်ပြသော သတင်းစာအယ်ဒီတာနှင့်ပုံနှိပ်ထုတ်ဝေသူမှာလည်းအပြစ်ရှိ၏။ ဤအမှုမှာကဲ့သို့ အယ်ဒီတာနှင့်ပုံနှိပ်ထုတ်ဝေသူက မိမိသည် စပ်ဆိုင်ရာ တရားသူကြီးကို သိပင်မသိခဲ့ပါ။ သူ၏အပေါ်တွင် မကောင်းသော စိတ်စေတနာ မရှိခဲ့ပါ။ သတင်းထောက်က ရေးသား ပေးပို့လိုက်၍သာသဘောရိုးနှင့်မှန်လိမ့်မည်ထင်ပြီး အမှတ်တမဲ့ထည့်လိုက်မိပါသည်ဟု ထုချေသော်လည်း အပြစ်ဒဏ်မှ မလွတ်နိုင်ချေ။ [ဘုရင်ကေရာဇ်နှင့် မောင်တင်စောနှင့် အခြားတယောက်တို့၏အမှုစီရင်ထုံး (1928) I.L.R. 6 Ran. 43 ကိုကြည့်ပါ။]

၁၉၄၈ ခုနှစ်၊

စော ဘ သိန်း၊ တ ရား မ ဝန် ထောက်နှင့် ပဋ္ဌ မ အထူးတရား သူကြီး၊ သထုံမြို့ နှင့် ဦးကို ကို လေး၊ အယ်ဒီတာ နှင့် ထုတ် ဝေ သူ၊ ဗမာ့ ခေတ် သ တင်း စာ၊ ရန် ကုန်မြို့။

သို့အတွက် ဤအမှုတွင် ဗမာ့ခေတ်သတင်းစာ ပုံနှိပ် ထုတ်ဝေသူနှင့် အယ်ဒီတာ ဦးကိုကိုလေး၏အပေါ်တွင် ရုံးတော်များကိုမထီမဲ့မြင်ပြုလုပ်ခြင်း အက်ဥပဒေပုဒ်မ ၃ အရပြစ်မှုထင်ရှားသည်။

သို့ရာတွင် သူသည် ဤရုံးတော်နှင့် အောက်ရုံးတရားသူကြီးကို ချွင်းချက်မရှိ ဝန်ချတောင်းပန်သည်။ သို့ဝန်ချတောင်းပန်ကြောင်းကိုလည်း ပြည်သူပြည်သားလူအများသိအောင် မိမိ၏သတင်းစာတွင် ကြေညာရန် တာဝန်ခံယူသည်။ ထိုမှတပါးတရားရုံးတော်များကိုမထီမဲ့မြင်ပြုလုပ်ခြင်းဆိုင်ရာတရားဥပဒေကို အများပိုမို၍ သိနားလည်ကြစေရန်၊ ဤရုံးတော်၏စီရင်ချက်ကို အစမှအဆုံးအထိ မိမိ၏သတင်းစာတွင် ထည့်သွင်းဖော်ပြရန်လည်း တာဝန်ယူသေးသည်။

ဤရုံးတော်ကလည်း ဦးကိုကိုလေးသည် အောက်ရုံးတော်ကို မထီမဲ့မြင်ပြုမိသည့်အတွက် တကယ်ပင်ဝမ်းနည်းပြီးဝန်ချတောင်းပန်သည်ဟုယူဆသည်။ ထိုမှတပါး၊ ဤအမှုကိုအကြောင်းပြု၍ သတင်းထောက်၊သတင်းစာ အယ်ဒီတာနှင့်ပုံနှိပ်ဖြန့်ဝေသူတို့သည်၊ တရား ရုံးတော်များကို မထီမဲ့မြင် ပြုလုပ်ခြင်း ဆိုင်ရာဥပဒေကိုငှင်း၊ ထိုဥပဒေနှင့်စပ်ဆိုင်သော မိမိတို့၏ တာဝန်ဝတ်တရားများကိုငှင်း၊ ပိုမို၍ သိနားလည် ကြပြီးလျှင်၊ ဤကဲ့သို့သော ပြစ်မှုကို မကျူးလွန် မိအောင် ပိုမို၍ သတိထားကြလိမ့်မည်။ တရားရုံးတော်များကို ပိုမို လေးစားကြလိမ့်မည်ဟူ၍လည်း ဤရုံးတော်ကယုံကြည်မြော်လင့်သည်။

သို့အတွက် ဤအမှုတွင်ဦးကိုကိုလေးကိုအာဒိကမ္မိကပုဂ္ဂိုလ်ဟု အမှတ်ထားပြီးလျှင်၊ သူ၏ချွင်းချက်မရှိ ဝန်ချတောင်းပန်ချက်နှင့် တာဝန်ခံယူချက်တို့ကို အဆိုပါအက်ဥပဒေပုဒ်မ ၃၊ ပဋ္ဌမချွင်းချက်အရ၊ ဤရုံးတော်က လက်ခံလိုက်သည်။ သူ့ကိုလည်း ဤအမှုတွင် အပြစ်ဒဏ်မစီရင်ဘဲလွှတ်လိုက်သည်။